PUBLIC STATEMENT

# ရိုဟင်ဂျာများအတွက် တရားမျှတမှုနှင့် ထည့်သွင်းပါဝင်ရေးတို့ကို ချက်ချင်းဆောင်ရွက်ရမည်။

၂၅ ဩဂုတ် ၂၀၂၂

ယနေ့တွင်ကျရောက်သော မြန်မာနိုင်ငံအတွင်း ရိုဟင်ဂျာပြည်သူများ လူမျိုးတုံးသတ်ဖြတ်ခံရမှု ၄ နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ရိုဟင်ဂျာများအတွက် တရားမျှတမှုနှင့် ထည့်သွင်းပါဝင်ရေးတို့ကို ဆောင်ရွက်ရန် မိမိတို့အနေဖြင့် တောင်းဆိုလိုက်ပါသည်။

ရိုဟင်ဂျာပြည်သူများအပေါ် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော ခွဲခြားဖိနှိပ်မှုများနှင့် မလျှော်ကန် ဆိုးရွားစွာ ပြုမူဆက်ဆံမှုများသည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် အဆိုးဝါးဆုံး ဖြစ်ပွားခဲ့ပါသည်။ ထိုနေ့ရက်တွင် မြန်မာစစ်တပ်က ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာပြည်သူများအပေါ် ရက်စက်သော ဖြိုခွင်းမှုကို စတင်လုပ်ဆောင်ခဲ့၍ အစုအပြုံလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားခဲ့ကာ ရိုဟင်ဂျာပြည်သူ ၇၂၅,၀၀၀ တို့သည်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ရသည်။ ယနေ့တွင် ရိုဟင်ဂျာလူဦးရေ ခန့်မှန်းခြေ ၁ သန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘာဇားရှိ ဒုက္ခသည်စခန်းများတွင် ခိုလှုံနေကြရပါသည်။ လူဦးရေထူထပ်၍ အရင်းအမြစ်နည်းပါးလွန်းသော ဒုက္ခသည်စခန်းများသည် မြင့်တက်လာသော COVID-19 ကပ်ရောဂါကူးစက်မှု၊ တုတ်ကွေးရောဂါနှင့် ကာလဝမ်းရောဂါကူးစက်မှုတို့ကို ရင်ဆိုင်နိုင်ရန် လိုအပ်သောအထောက်အကူပြု ပစ္စည်းဆေးဝါးများ အလွန်နည်းပါးလျက်ရှိသည်။ ထို့အပြင် ဒုက္ခသည်စခန်းများသည် ရေကြီးနစ်မြုပ်မှုဘေးနှင့် မီးဘေးဒုက္ခများကြောင့် ထိခိုက်မှုများစွာကို အလွယ်တကူပင် ကြုံတွေ့ခံစားနေရပါသည်။ ထိုစဉ် မြန်မာနိုင်ငံအတွင်း ထောင်ပေါင်းများစွာသော ရိုဟင်ဂျာများသည် နေရပ်စွန့်ခွာ ပြည်တွင်းဒုက္ခသည်များအဖြစ် ရွှေ့ပြောင်းနေထိုင်ကြရပြီး၊ ထိန်းသိမ်းရေးစခန်းများတွင်လည်း အများအပြား အကျဉ်းချပိတ်လှောင်ခံနေရပါသည်။ ထို့အပြင် စစ်အာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့မှစတင်ကာ မြန်မာနိုင်ငံသည် အကြပ်အတည်းအခြေအနေအတွင်း သက်ဆင်းကျရောက်ခဲ့သည်။

ရိုဟင်ဂျာပြည်သူများသည် ဒုက္ခဆင်းရဲမှုများစွာကို ခါးစည်းခံနေရသော်လည်း သူတို့၏ ကြံ့ကြံ့ခံ သည်းခံမှုနှင့် ကြံ့ခိုင်မှုတို့ကို နေ့စဉ်နေ့တိုင်းပင်လျှင် ပြသနေကြပါသည်။ AJAR သည် ၂၀၁၉ ခုနှစ်ကတည်းက ဒုက္ခသည်စခန်းများရှိ ရိုဟင်ဂျာဒုက္ခသည်များနှင့် လက်တွဲအလုပ်လုပ်ခဲ့ပြီး သူတို့၏ စိတ်ဓာတ်ကြံ့ခိုင်မှုကို မျက်မြင်တွေ့ကြုံခဲ့ပါသည်။ အတိတ်က စိတ်ဒဏ်ရာဝေဒနာကို ခံစားနေရပြီး မရေရာသော အနာဂတ်အခြေအနေများ ကြုံတွေ့ရသော်လည်း ဒုက္ခသည်များသည် လုံးဝလက်မလျှော့ကြဘဲ သူတို့၏ အခြေအနေများကို ပိုမိုကောင်းမွန်လာအောင် နည်းလမ်းသစ်များကို မမောနိုင်မပမ်းနိုင် ရှာဖွေနေကြပါသည်။ သူတို့၏ ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုတို့ကိုလည်း ဆက်လက်ဂုဏ်ယူ တန်ဖိုးထားကြသည်။

အချို့သော နိုင်ငံတကာယန္တရားများသည် ရိုဟင်ဂျာများ၏ တရားမျှတမှုရရှိရေး တိုးတက်မှုများ ဖြစ်ပေါ်လာအောင် ကြိုးပမ်းနေကြသကဲ့သို့ ဒီမိုကရေစီရေးလှုပ်ရှားမှုကလည်း ရိုဟင်ဂျာပြည်သူများကို ထောက်ခံမှုများ ထုတ်ဖော်ပြသလျှက်ရှိကြပါသည်။ သို့သော် တရားမျှတမှု ရရှိရေးနှင့် လုံခြုံ၍ ဆန္ဒအလျှောက် လူ့ဂုဏ်သိက္ခာနှင့်အညီ ပြန်လည်ဝင်ရောက်ရေးတို့မှာ ပစ္စုပ္ပန်ကာလတွင် ဝေးကွာလွန်းသောပန်းတိုင် ဖြစ်နေဆဲပင် ဖြစ်သည်။ ထိုအချက်ကို မဖြစ်မနေ ပြောင်းလဲရမည်။

ထို့ကြောင့် ယနေ့ကျရောက်သော နှစ်ပတ်လည်နေ့တွင် နိုင်ငံတကာအသိုက်အဝန်းကို မိမိတို့အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရန် တောင်းဆိုလိုက်ပါသည်။

- ရှင်သန်လွတ်မြောက်သူများ၏ ဘဝများကို ကုစားဆောင်ရွက်ပေးရေး အထောက်အကူပြုနိုင်ရန် အရေးပေါ်နှင့် ကြားဖြတ်အစီအမံ အစီအစဉ်များကို တိုးမြှင့်ပံ့ပိုး၍ ရှင်သန်လွတ်မြောက်သူများအတွက် ရေရှည် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များတွင် ရင်းနှီးမြုပ်နှံပါ။
- အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် မြန်မာနိုင်ငံကို စွဲဆိုထားသော အမှုအတွက် ဂမ်ဘီယာနိုင်ငံဘက်မှ ရပ်တည်ပံ့ပိုးခြင်း၊ ICJ၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) နှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) စသည့် တာဝန်ယူတာဝန်ခံမှုယန္တရားများအကြောင်း ပိုမိုနားလည်သဘောပေါက်လာအောင် ပံ့ပိုးဆောင်ရွက်ခြင်းနှင့် မိမိတို့နိုင်ငံအတွင်း အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့် အမှုများ ဖွင့်လှစ်ခြင်းတို့ဖြင့် တာဝန်ယူတာဝန်ခံမှုကို အားပေးပါ။
- မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးလှုပ်ရှားမှုကို ထောက်ခံပံ့ပိုးပါ။
- ရိုဟင်ဂျာများအတွက် အကူအညီများနှင့် အရင်းအမြစ်များကို ထောက်ပံ့ပေးအပ်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ကူညီပံ့ပိုးပါ။
- ရှင်သန်လွတ်မြောက်သူ ရိုဟင်ဂျာများ၏ အခွင့်အရေးကို အကျိုးပြုသည့် ထိရောက်၍ လက်တွေ့ကျင့်သုံး ဆောင်ရွက်နိုင်သော ကုစားမှု ပေါ်ပေါက်လာရေးအတွက် အာဆီယံကို ဆက်လက် ဖိအားပေးပါ။

**Signatories:**

- Asia Justice and Rights (AJAR)
- #Sisters2Sisters
- Perlindungan Insani Indonesia
- KontraS
- KontraS Aceh
- The May 18 Memorial Foundation
- Cross Cultural Foundation (CrCF)
- Kurawal Foundation
- Migrant CARE
- Milk Tea Alliance Indonesia
- SP Kinasih Solidaritas Perempuan
- YLBHI
- Asia Democracy Network (ADN)
- Advocacy Forum
- Suara Perempuan Desa (SPD - Rural Women Voices)
- Kachin Women's Association Thailand (KWAT)
- Asosiasaun Chega! Ba Ita (ACbit)